# ပညာရေးအသက်အာမခံ

သားသမီးများ၏ ပညာရေးအတွက် ငွေကြေးချွေတာ စုဆောင်းသည့် အကျိုးကျေးဇူးနှင့် အာမခံသက်တမ်းအတွင်း သေဆုံးခြင်း၊ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်းများ ကြုံရပါက အကျိုးခံစားခွင့်ရှိသူ သားသမီးများ ပညာရေးအတွက် ကူညီထောက်ပံ့ပေးသော အာမခံဖြစ်ပါသည်။

ပညာရေးအသက်အာမခံတွင် အခြေခံအကျိုးခံစားခွင့်ပုံစံ (Basic Benefit Plan) နှင့် နှစ်ထပ်ကွမ်းအကျိုးခံစားခွင့်ပုံစံ (Double Benefit Plan) ဟူ၍နှစ်မျိုးခွဲခြားဝယ်ယူနိုင်ပါသည်။

**အာမခံထားနိုင်သူ** - အသက် (၁၈) နှစ် မှ (၅၆) နှစ် အတွင်းရှိသူများ။

**အာမခံသက်တမ်း** - (၉) နှစ် ၊ (၁၁) နှစ်၊ (၁၄) နှစ်။

**အာမခံထားငွေ** - အနည်းဆုံးကျပ်သိန်း (၅၀) မှ အများဆုံးကျပ်သိန်း (၁,၀၀၀) အထိ။

**ပရီမီယံနှုန်း** - အာမခံထားသူ၏အသက်၊ အာမခံထားငွေတို့အပေါ် မူတည်၍ အာမခံထားသည့် သက်တမ်းအလိုက် (၅) နှစ်၊ (၇) နှစ်၊ (၁၀) နှစ်စသည်ဖြင့် ပရီမီယံနှုန်းအား တွက်ချက်ပေးချေရမည် ဖြစ်ပါသည်။

***ပညာရေးအသက်အာမခံထားမည့်သူများ ကျန်းမာရေးစစ်ဆေးရမည်ဖြစ်ပါသည်။***

**ပညာရေးအသက်အာမခံထားရှိခြင်းအားဖြင့်ရရှိနိုင်သောအကျိုးခံစားခွင့်များ**

အောက်ဖော်ပြပါ အကျိုးခံစားခွင့်များအနက် အာမခံထားသူများအနေဖြင့် နှစ်ထပ်ကွမ်းအကျိုးခံစားခွင့်ပုံစံ (Double Benefit Plan) ဝယ်ယူထားပါက အမှတ်စဉ် (၁) မှ (၄) အထိအကျိုးခံစားခွင့် ရရှိမည်ဖြစ်ပြီး အခြေခံအကျိုးခံစားခွင့်ပုံစံ (Basic Benefit Plan) အမျိုးအစား ဝယ်ယူထားပါက အမှတ်စဉ် (၃) မှ (၄) အထိအကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါသည်။

**(၁) သေဆုံးမှုအကျိုးခံစားခွင့် (Death Benefit)**

အာမခံသက်တမ်းအတွင်း အာမခံထားသူသေဆုံးပါက အာမခံထားငွေကို အကျိုးခံစားခွင့်ရှိသူအား ထုတ်ပေးပါမည်။

**(၂) ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့် (Total Permanent Disability Benefit)**

အာမခံထားသူသည် ပေါ်လစီတည်မြဲနေစဉ်အတွင်း ရုတ်တရက်ထိခိုက်ခြင်းကြောင့်လည်းကောင်း၊ ရောဂါကြောင့်လည်းကောင်း၊ ထာဝစဉ်လုံးဝမသန်စွမ်းဖြစ်၍ ဝင်ငွေရရှိသောအလုပ်အကိုင်ကို လုံးဝမလုပ်ကိုင်နိုင်လျှင် အာမခံထားငွေကို တစ်လုံးတည်းထုတ်ပေးပါမည်။

**(၃) ပရီမီယံကင်းလွတ်ခွင့်(Premium Waiver)**

အာမခံထားရှိသူသည် ပေါ်လီစီတည်မြဲနေစဉ်အတွင်း သေဆုံးခဲ့လျှင်သော်လည်းကောင်း၊ ထာဝစဉ်လုံးဝမသန်စွမ်းခဲ့လျှင်သော်လည်းကောင်း၊ ထိုထိခိုက်ဆုံးရှုံးမှု ဖြစ်ပွားပြီးနောက်ပိုင်း ပရီမီယံကြေးပေးသွင်းသည့် ကာလပြီးဆုံးချိန်အထိ ပေါ်လီစီရှင်မှ အာမခံကုမ္ပဏီသို့ ပေးသွင်းရန်ကျန်ရှိနေသော ပရီမီယံများအားလုံးကို ဆက်လက်ပေးသွင်းရန် မလိုတော့ဘဲကင်းလွတ်ခွင့်ရှိပါသည်။

FNI (Life) မှ ပရီမီယံကြေးများ ကင်းလွတ်ခွင့်ပေးထားသည့် ကာလအတွင်းပေါ်လီစီသည် ဆက်လက်တည်မြဲနေမည်ဖြစ်ပြီး သတ်မှတ်ထားသော သက်တမ်းရောက်သည့်အခါ ပညာရေးအကျိုးခံစားခွင့်ကို ရရှိမည်ဖြစ်ပါသည်။

**(၄) ပညာရေးအကျိုးခံစားခွင့် (Education Benefit)**

ပညာရေးအာမခံပေါ်လီစီသည် ပရီမီယံပေးသွင်းရသည့် သက်တမ်းပြီးဆုံးသွားသော်လည်း ဆက်လက်တည်မြဲနေမည်ဖြစ်ပြီး ပရီမီယံပေးသွင်းရသည့် သက်တမ်းပြီးဆုံးချိန်မှစ၍ အာမခံသက်တမ်းစေ့ရောက်သည့် နေ့အပါအဝင် တစ်နှစ်ပြည့်သည့်နေ့ရောက်တိုင်း

FNI (Life) မှ ပညာရေးအကျိုးခံစားခွင့်အဖြစ် အာမခံထားငွေ၏ (၂၀%) စီကိုပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ အာမခံသက်တမ်း ပြည့်သည့်အခါ ထုတ်ပေးခဲ့သော ပညာရေးအာမခံ စုစုပေါင်းသည် အာမခံထားငွေ နှင့်ညီမျှနေမည်ဖြစ်ပါသည်။

**(၅) ပေါ်လစီကိုစာရင်းပိတ်ခြင်း (Paid-up Policy)**

ပေါ်လစီရှင်တစ်ဦးအနေဖြင့် အတည်ဖြစ်ပြီးသော ပေါ်လစီတစ်စောင်ကို ပရီမီယံဆက်လက် မပေးသွင်းနိုင်လျှင်စာရင်းပိတ်နိုင်သည်။ ပေါ်လစီတွင် ဖော်ပြထားသော သက်တမ်းစေ့ ရောက်သည့်နေ့တွင် စာရင်းပိတ်တန်ဖိုးကို အာမခံထားသူသို့ ထုတ်ပေး ပါသည်။

**(၆) အမ်းငွေထုတ်ပေးခြင်း (Surrender Value)**

ပေါ်လစီရှင်သည် ကျသင့်ပရီမီယံကို ဆက်လက်ပေးသွင်းခြင်း မပြုနိုင်တော့သဖြင့် အတည်ဖြစ်ပြီးသော ပေါ်လစီတစ်စောင်ကို ဖျက်သိမ်း၍အမ်းငွေထုတ်ယူရန် အကြောင်းကြားလာလျှင် အမ်းငွေဇယားပါနှုန်းအတိုင်း ရခွင့်ရှိသည့်အမ်းငွေကို ပေါ်လစီရှင်သို့ တစ်လုံးတည်း ထုတ်ပေးပါသည်။

**(၇) ချေးငွေရယူခြင်း (Policy Loan)**

ပေါ်လစီရှင်တစ်ဦးအနေဖြင့် အတည်ဖြစ်ပြီးသော ပေါ်လစီတစ်စောင်မှ ချေးငွေရယူနိုင်သည့် အကျိုးခံစားခွင့်ရှိပါသည်။

**အကျိုးခံစားခွင့်မရရှိနိုင်သည့်ကိစ္စများ**

၁။ သေဆုံးမှုအကျိုးခံစားခွင့်ကို အောက်ဖော်ပြပါအကြောင်းကိစ္စများအတွက် မရရှိနိုင်ပါ။

(က) အာမခံစသည့်နေ့မှ တစ်နှစ်အတွင်း မိမိကိုယ်ကို သတ်သေခြင်း။

(ခ) အာမခံဂယ်ယူစဉ်က ဖော်ပြရန် ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့်ဖြစ်သည့်သေဆုံးခြင်း။

၂။ ထာဝစဉ်မသန်စွမ်းဖြစ်မှု အကျိုးခံစားခွင့်ကို အောက်ဖော်ပြပါကိစ္စရပ်များအတွက်မရရှိနိုင်ပါ။

(က) မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(ခ) ဘေးအန္တရာယ်ဖြစ်စေတတ်သောဆေးကိုမှီဝဲခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(ဂ) ကြိုတင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို အနာတရဖြစ်အောင်လုပ်ခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(ဃ) မိမိကိုယ်ကို သတ်သေခြင်းကြောင့်မသေဘဲ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(င) ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

(စ) အာမခံဂယ်ယူစဉ်ကဖော်ပြရန် ထိန်ချန်ခဲ့သော ရှိရင်းစွဲရောဂါကြောင့်ဖြစ်သည့် ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း။

**အာမခံထားရှိလိုပါက**

FNI (Life) ရုံးချုပ် နှင့် ရုံးခွဲများသို့လည်းကောင်း ၊ FNI (Life) နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အာမခံကိုယ်စားလှယ်များသို့လည်းကောင်း ဆက်သွယ်၍ အာမခံထားရှိနိုင်ပါသည်။